


**AUTHOR**



**Edwin Vanderbruggen**
Senior Partner
edwin@vdb-loi.com

The author lives and works in Myanmar since 2012, assisting investors, financiers and government entities on many of the largest infrastructure projects in the country such as multibillion US$ hydropower plants, LNG projects, major toll roads, airports and industrial zones.

He frequently consults international financial institutions on Myanmar issues.

He previously taught at universities in Belgium, The Netherlands, Thailand and Vietnam, published 7 textbooks and several dozen scholarly articles, some of which won scientific awards.

He can be reached at edwin@vdb-loi.com.

# လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလုံးအရင်းဖြင့် ဝင်လာအောင် မည်သို့ဖိတ်ခေါ်မလဲ။ အောက်ပါအချက် ၅ ချက်ကို လိုက်နာဆောင်ရွက်ပါ။

လျှပ်စစ်စွမ်းအင်မရှိဘဲ မည်သည့်အလုပ်ကိုမျှ လုပ်ကိုင်၍ မရပါ။ လမ်း၊ ဆိပ်ကမ်းနှင့် မီးရထားသံလမ်းများ မရှိဘဲ မည်သည့်နေရာကိုမျှ သွား၍မရပါ။ လျှပ်စစ်စွမ်းအင်အပါအဝင် အခြေခံ အဆောက်အအုံများသည် မြန်မာနိုင်ငံ၏ စီးပွားရေး အလားအလာ ကောင်းများ နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို လမ်းဖွင့်ပေးမည့် သော့ချက်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ လမ်း၊ တံတားအသုံးပြုခပေး၍ ဖြတ်သန်း ရသည့် လမ်းများ၊ ရေလမ်း ဆိုင်ရာ အဆောက်အအုံများနှင့် မီးရထားသံလမ်းများ အတွက် စွန့်စား၍ ရင်းနှီး မြှုပ်နှံမှုပြုမည့် စိတ်ပါဝင်စားသော ရင်းနှီး မြှုပ်နှံသူများ မရှားပါ။ အလားတူပင် အကျိုးအမြတ်ရှိမည့် စီမံကိန်းဖြစ်ပါက လိုအပ်သည့် ငွေကြေးကို လိုလိုလားလား ဖြည့်ဆည်းပေးမည့် နိုင်ငံတကာ ဘဏ်များနှင့် အခြားချေးငွေ ထောက်ပံ့သူများလည်း မရှားပါ။ နေရာတကာ တွင် အခွင့်အလမ်းများရှိသလို ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင်လည်း လိုအပ်ချက်ပေါင်း များစွာရှိနေသည်။ အလားအလာကောင်းများ မည်သို့ပင်ရှိလင့်ကစား အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ များစွာ နည်းနေသေးသည်။ ဖွံ့ဖြိုးတိုးတက်မှုပင် ရှိလင့်ကစား နိုင်ငံ၏ စွမ်းအင်၊ ရေ့ဆက်လုမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး

## ကောက်နှုတ်ချက်

၁။ ယခုချက်ချင်းပင် အသေးစား စီမံကိန်းများကို အလျင်အမြန် ပြီးမြောက်အောင် ဆောင်ရွက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သတင်းကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက် ရန် လိုပါသည်။

၂။ အစိုးရအနေဖြင့် စာချုပ်ပါ ဝတ္တရား များကို ဖော်ဆောင်ပြီး မိမိပေး ဆောင်ရမည့် အဖိုးအခ များကို ပေးဆောင်မည်ဖြစ်ကြောင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို အာမခံရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံ အနေဖြင့် အစိုးရ အချင်းချင်း ပူးပေါင်း ဆောင်ရွက် သည့် စီမံကိန်းများကို အထောက်အပံ့ပြုရန် "Umbrella Notes" ကို အသုံးပြုရန် ထည့်သွင်း စဉ်းစားသင့်သည်။

၄။ သင့်လျော်သော အဆင့် အထိ ဆုံးရှုံးနိုင်ခြေကို လျှော့ချ ခြင်းအားဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပါ။

၅။ ဆွေးနွေးညှိနှိုင်းနေသော စီးပွားရေး ဆိုင်ရာ စည်းကမ်း ချက်များကို ပြုပြင်ရန် လိုအပ် ပါသည်။

တိုးတက်မှုစီမံကိန်းတွင် ပါဝင်သော မျှော်မှန်းချက် ပန်းတိုင်များသို့ အရောက်သွားနိုင်ရန် ခြေလှမ်းများမှာ နှေးကွေးနေပါသေးသည်။

ဤအချက်ကို မည်သို့ ပြုပြင်နိုင်မည်နည်း။ အမှန် တကယ် လိုအပ်နေသည့် အခြေခံ အဆောက်အအုံများ အတွက် နိုင်ငံခြားမှ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းဖြင့် ဝင်ရောက်လာစေလိုပါက မြန်မာနိုင်ငံအနေဖြင့် မည်သို့သော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်နည်း။ နိုင်ငံခြား မတည်ရင်းနှီးငွေ နှင့် အခြေခံအဆောက်အအုံများ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရအနေဖြင့် ရွေးချယ်နိုင်ရန် မည်သို့သော မူဝါဒများသည် အထိရောက်ဆုံးဖြစ်မည်နည်း။ ကျွန်ုပ်အနေဖြင့် အစိုးရက ရွေးချယ်ကျင့်သုံးနိုင်မည့် အထိရောက်ဆုံး နည်းလမ်း ၅ သွယ်ကို ဤမှတ်စုတွင် ဖော်ပြပေးလိုက်ပါသည်။

**၁။ ယခုချက်ချင်းပင် အသေးစားစီမံကိန်းများကို အလျင်အမြန် ပြီးမြောက်အောင် ဆောင်ရွက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သတင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုပါသည်။**

နိုင်ငံတကာစီးပွားရေးအသိုင်းအဝိုင်းက မြန်မာနိုင်ငံကို စိတ်ဝင်စားကြသော်လည်း အခြေခံအဆောက်အအုံ စီမံကိန်းများကို အောင်မြင်စွာ ပြီးမြောက်အောင်ဆောင်ရွက်ရန် ယုံကြည်မှု မရှိကြသေးပါ။ မြန်မာနိုင်ငံ၏ အခွင့်အရေးများသည် ယခုမှပင် လမ်းပွင့်သည်ဖြစ်၍ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြောင်း ရာဇဝင် မရှိသေးခြင်းသည် အံ့သြဖွယ်ရာ မဟုတ်ပါ။ ပမာအားဖြင့် ပြိုင်ပွဲမဝင်ဖူးသော မြင်းအပေါ် အလောင်းအစား ပြုရသကဲ့သို့ပင်ဖြစ်သည်။ အနိုင်ရလိမ့်မည်ဟု မည်သို့မျှ ယူဆ၍ မရပါ။ နှောင့်နှေးကြန့်ကြာမှုများ၊ စီမံကိန်း ပယ်ဖျက်မှုများ အမြောက်အများရှိပြီးလျှင် စီမံကိန်းနှင့် ပတ်သက်၍ အောင်မြင်သည်ဆိုသော အကြောင်းအရာများ လုံလုံလောက်လောက်မရှိသေးပါ။ ဤအချက်သည် မြန်မာ နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သင့်သည့် နေရာဖြစ်သည်ဆိုသော နာမည်ကောင်းကို ထိခိုက်စေပါသည်။

ဤအခြေအနေကို ပြောင်းလဲရန်အတွက် အစိုးရအနေဖြင့် အသေးစား စီမံကိန်း အချို့ကို ရွေးချယ်ပြီး စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များကို တတ်နိုင်သမျှ အလျှင်အမြန် အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် ဤစီမံကိန်းများ အပေါ်တွင်သာ အချိန်တိုအတွင်း အာရုံစိုက်လုပ်ဆောင်ရန် တိုက်တွန်းလိုပါသည်။ အသေးစားစီမံကိန်းများသည် အကြီးစား စီမံကိန်းများနှင့်စာလျှင် ပိုမိုလွယ်ကူပြီး အမှားအယွင်း နည်းစေနိုင်ပါသည်။ စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များကို အသေအချာ မသိပါက စီမံကိန်းဆွေးနွေးမှုများကို လက်တွေ့ လုပ်ဆောင်နေကျဖြစ်သော အကြံပေးပုဂ္ဂိုလ်များကို ခေါ်ယူ၍ ၎င်းတို့၏ ဦးဆောင်ရာလိုက်ပြီး ကိစ္စရပ်များကို အလျင်အမြန် အဆုံးသတ်ပါ။ ရွေးချယ်ထားသော စီမံကိန်းအတွက် သဘောတူညီမှုပြုလုပ်ရာတွင်လည်း နာမည်ကောင်းဖြင့် ကျော် ကြားသော ရင်းနှီးမြှုပ်နှံသူများနှင့် ပြုလုပ်ရန် လိုအပ်ပါသည်။ ဤကဲ့သို့သော ကုမ္ပဏီများနှင့် စာချုပ်ချုပ် လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့၏ ပြိုင်ဖက်များအပြင် အသေးစား ရင်းနှီးမြှုပ်နှံသူများကိုပါ နိုင်ခိုင်မာမာ အချက်ပြလိုက်ခြင်းပါပဲ။ အနည်းဆုံးစေ့ဖြင့် တင်ဒါအောင်သည့်တိုင် လူသိမများဘဲ မအောင်မြင်သေးသော ကုမ္ပဏီများနှင့် စာချုပ်ချုပ်လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံတွင် စီမံကိန်းသဘောတူညီမှုလုပ်ရန် ကြီးမားသော စွန့်စားမှုပြုလုပ်ရန် လိုအပ်ကြောင်း အချက်ပြလိုက်ခြင်းပင်ဖြစ်သည်။

**၂။ အစိုးရအနေဖြင့် စာချုပ်ပါဝတ္တရားများကို ဖော်ဆောင်ပြီး မိမိပေးဆောင်ရမည့် အဖိုးအခများကို ပေးဆောင်မည်ဖြစ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ကို အာမခံရန် လိုအပ်ပါသည်။**

ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မည်ဆိုပါက အဆိုပါ ရင်းနှီးမြှုပ်နှံသူများ၏ ဘဏ်သည် မိမိတို့၏ Customer များကို အထောက်အကူပြုမပြုကို အသေအချာ သိရှိရန် လိုအပ်ပါသည်။ အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် များသောအားဖြင့် အစိုးရအနေနှင့် (စွမ်းအင်စီမံကိန်းများမှာကဲ့ သို့) သို့မဟုတ် အစိုးရမှတစ်ဆင့် (သယ်ယူပို့ဆောင်ရေးစီမံကိန်း အတွက် လမ်းတံတားကြေးကောက်ခံခြင်း စသကဲ့သို့) အနည်းဆုံး တစ်စိတ်တစ်ပိုင်းဖြစ်စေ ငွေကြေးထည့်ဝင်မှု ပြုရပါသည်။ ဤအတွက်ကြောင့် အခြေခံအဆောက်အအုံစီမံကိန်းအများစုတွင် အစိုးရအနေဖြင့် တစ်နည်းတစ်ဖုံ ငွေကြေးဆိုင်ရာ ကတိကဝတ်ပြုမှု (Financial Commitment) ကို ပြုလုပ်ရပါသည်။ ဘဏ်များသည် မည်သို့သော စွန့်စားမှုကိုမျှ ပြုလုပ်လေ့မရှိဘဲ မကြာခင်ကမှ လမ်းပွင့်လာသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံအနေဖြင့် ဤသို့သော ကတိကဝတ်ပြုမှုမျိုးကို လေးစားလိုက်နာသည့် နာမည်ကောင်း ခိုင်ခိုင်မာမာ မရရှိထားသေးပါ။ ထို့ကြောင့် အချိန်အနည်းငယ် ကြာလိမ့်ပါဦးမည်။ ယနေ့မျက်မှောက်ခေတ်နှင့် ယခင်ခေတ်ကာလက အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားဝယ်ယူရေးသဘောတူစာချုပ် (PPA) ၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) ဆိုင်ရာ ပဋိညာဉ်များနှင့် အခြား စီမံကိန်းဆိုင်ရာစာရွက်စာတမ်းများကို လေးစားလိုက်နာကာ ငွေကြေး ပေးဆောင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများအား အာမခံရန် လိုအပ်ပါသည်။



မြန်မာနိုင်ငံရှိ အထက်တန်းအရာရှိများနှင့် ဥပဒေပြုသူအများစုသည် ဤနည်းလမ်းနှင့် အကျွမ်းတဝင်မရှိဘဲ နိုင်ငံအတွက် ဆုံးရှုံးနိုင်ခြေရှိသည်ဟု စိုးရိမ်ပူပန်ကြသည်။ ကျွန်ုပ်၏ အတွေ့အကြုံအရ ဆိုသော် ဌာနဆိုင်ရာများတွင် အထက်နှင့်အောက် သတင်းအပြန်အလှန်ပေးပို့အကြောင်းကြား ရသည့် စနစ်ကြောင့် ဤသို့သော အာမခံချက် တောင်းဆိုသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ပါဝင်ဆောင်ရွက်သူ တာဝန်ရှိပုဂ္ဂိုလ်များ အကြား နားလည်မှုလွဲမှားကြရသည်။ အလွဲမှားဆုံးသော အယူအဆတစ်ရပ်မှာ ဤသို့သော သဘောသဘာဝ ရှိသည့် အာမခံပေးအပ်ခြင်းသည် စီမံကိန်းအကောင်အထည်မဖော်ဖြစ်ပါက အစိုးရအနေဖြင့် ဘဏ်များအား ပြန်လည်ပေးဆပ်ရမည်ဆိုသည့် အယူအဆပင်ဖြစ်သည်။ ဤအယူအဆသည် မမှန်ကန်ပါ။ အစိုးရအနေဖြင့် အမှားအယွင်း တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ ပေးဆပ်ရမည့် ငွေကြေးများကို ပေးဆပ်ရန် ပျက်ကွက်ခြင်းနှင့် ပဋိညာဉ်ကို လေးစားလိုက်နာရန် ပျက်ကွက်ခြင်းတို့ အတွက်သာ ပေးလျော်ရမည်ဖြစ်သည်။ လက်တွေ့အားဖြင့် အာရှနိုင်ငံများကို ကြည့်မည်ဆိုလျှင် ထိုသို့သော အာမခံပေးအပ်ရန် တောင်းခေါ်ခြင်းမှာ အလွန်ရှားပါသည်။ ၂၀၁၄ ခုနှစ်တွင် အစိုးရ၏ အထောက်အပံ့ကို နိုင်ငံတကာတွင် ကျင့်သုံးသည့် နည်းလမ်းအတိုင်း ပေးအပ်စဉ်က ဖွံ့ဖြိုးတိုးတက်မှု အချို့ရှိခဲ့သည် (သို့သော် သဘောတူညီမှုအား အပြီးအပြတ်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။)။ နောင် ၅ နှစ်ကြာ ပြီးနောက်တွင် (စီမံကိန်းဆိုင်ရာ ဘဏ်ငွေကြေးထောက်ပံ့မှု အမိန့်ကြော်ငြာစာတွင်) အစိုးရအထောက်အပံ့နှင့် စပ်လျဉ်း၍ စည်းမျဉ်းဥပဒေနှင့် အခြေခံစည်းမျဉ်းများ ထွက်ပေါ် လာခဲ့သော်လည်း သဘောတူညီမှုပြုလုပ်နိုင်ခြင်းမရှိသေးပါ။နားလည်ပေးနိုင်သော်လည်း ဤမျှနှေးကွေးသော ဖွံ့ဖြိုးတိုးတက်မှု နှုန်းကြောင့် မြန်မာနိုင်ငံရှိ အခြေခံအဆောက်အအုံများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကို ယုံကြည်စွာဖြင့် ဖိတ်ခေါ်နိုင်လိမ့်မည်မဟုတ်ပါ။

ဤအခြေအနေကို ပြောင်းလဲရန်အတွက် အစိုးရအနေဖြင့် အနည်းဆုံး အသေးစားစီမံကိန်းများတွင် နှစ်အနည်းငယ် နိုင်ငံတကာအဆင့်မီအာမခံပေးအပ်ခြင်းမျိုး ပြုလုပ်ရန် အလျင်အမြန် ဆုံးဖြတ်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံသူများက မိမိတို့အနေဖြင့် အာမခံအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံကြောင်း ချက်ချင်း သိရှိနိုင်စေရန် နောင်လာမည့်နှစ်များအတွက် အမှန်တကယ်သတ်မှတ်ချက်အပြည့်အစုံပါဝင်သော အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများငွေကြေးဖြည့်ဆည်းခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေတစ်ရပ်ကို ထုတ်ပြန်နိုင်ပါက ပိုမိုကောင်းမွန်ပါလိမ့်မည်။

## ၃။ မြန်မာနိုင်ငံအနေဖြင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများကို အထောက်အပံ့ပြုရန် “Umbrella Notes” ကို အသုံးပြုရန် ထည့်သွင်းစဉ်းစားသင့်သည်။

မြန်မာနိုင်ငံ၏ ပြဿနာရပ်များအားလုံးကို တစ်ကြိမ်တစ်ခါတည်းဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းဖော်မြူလာများ မရှိသော်လည်း ဤနည်းလမ်းသည် အစွမ်းထက်မြက်သည်။ “Umbrella Note” ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်များကလည်း စီမံကိန်းအတွက် ငွေကြေးအချို့ထည့်ဝင်မည်ဆိုပါက မြန်မာနိုင်ငံသို့ လာရောက်သည့် ထိုနိုင်ငံခြားတိုင်းပြည်များမှ ကုမ္ပဏီများဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေများ ထောက်ပံ့မည်ကို ကတိကဝတ်ပြုထားသော နှစ်နိုင်ငံအစိုးရအချင်းချင်း ပေးအပ်သည့် စာကို ဆိုလိုသည်။ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံများတွင် အောင်မြင်စွာ အသုံးပြုနိုင်ခဲ့သော Umbrella Note သည် မြန်မာနိုင်ငံရှိ စီမံကိန်းများအတွက် နိုင်ငံခြားမှ ငွေကြေးဖြည့်ဆည်းမှုများ လွတ်လပ်စွာ ရစေနိုင်မည့် အစိုးရအချင်းချင်း ပြုလုပ်သည့်အဆင့်ရှိ အာမခံချက်ဖြစ်သည်။ ၎င်းသည် အထက်တွင် ဆွေးနွေးခဲ့သော အာမခံအမျိုးအစားနှင့် နီးစပ်သည်။ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပါက Umbrella Note သည် မြန်မာနိုင်ငံအခြေခံအဆောက်အအုံ များတွင် ရင်းနှီးမြှုပ်နှံရန်အတွက် မြောက်မြားစွာသော ငွေကြေးဖြည့်ဆည်းမှုများ ရရှိစေနိုင်လိမ့်မည်။

## ၄။ သင့်လျော်သော အဆင့်အထိ ဆုံးရှုံးနိုင်ခြေကို လျှော့ချခြင်းအားဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပါ။

ခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုကို တစ်ဟုန်ထိုး တိုးတက်စေလိုပါက အစိုးရအနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအတွက် အချို့သော ကြီးမားသော ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်မည့် စီးပွားရေးဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ ရှိရန် လိုပါသည်။ သဘောတူညီမှုများကို နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လိုအပ်နေသည်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများကို ရွေးချယ်ရန်ပင် ဖြစ်ပါသည်။ အစိုးရအနေဖြင့် “လက်ငင်း” ရနိုင်မည့်တန်ဖိုး သို့မဟုတ် ပြင်ပကဏ္ဍအမျိုးမျိုးအပေါ် မူတည်နေသော တန်ဖိုးအစား ရေရှည်မျှော်ကိုးသည့် ပုံသေလျှပ်စစ်ဓာတ်အားခကို ရွေးချယ်သင့်ပါသည်။ ဥပမာ လျှပ်စစ်စွမ်းအင် စီမံကိန်းများတွင် အမျိုးမျိုး ပြောင်းလဲကောက်ခံခြင်းထက် အာမခံနိုင်သော အနည်းဆုံးပမာဏအပေါ် ပုံသေတန်ဖိုး (Capacity Payment) အပေါ် သဘောတူညီခြင်းက အစိုးရအဖို့ ပိုမိုသက်သာစေပါလိမ့်မည်။

ဤသို့အားဖြင့် ပုဂ္ဂလိကကဏ္ဍကို လုပ်ပိုင်ခွင့် အများကြီး ပေးထားသည်ဟု အချို့က ထင်ကောင်း ထင်ကြပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် သိထားရမည်မှာ ကျွန်ုပ်တို့သည် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့၏ ငွေကြေး အား



လုံးကို ရင်းနှီးမြှုပ်နှံစေလိုကြသည်။ အစိုးရအနေဖြင့် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျှ မပြုလုပ်လင့်ကစား စတင်လုပ်ကိုင်သည့်နေ့မှ စ၍ အခြေခံအဆောက်အအုံများကို အသုံးပြုခွင့်ရပါလိမ့်မည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ငွေကြေးဖြည့်ဆည်းမှု မရရှိနိုင်သော စွန့်စားမှုမျိုးများ၊ ဆောက်လုပ်ရာတွင် ကုန်ကျစရိတ်နှင့် နှောင့်နှေးကြန့်ကြာမှုများ၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲပြဿနာများ၊ အာမခံထားရှိနိုင်သော မလွှန်ဆန်နိုင်သည့် ဖြစ်ရပ်များ စသဖြင့် စွန့်စားမှုအမျိုးမျိုးကို တွေးဆထားပြီးဖြစ်ပါသည်။

## ၅။ ဆွေးနွေးညှိနှိုင်းနေသော စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များကို ပြုပြင်ရန် လိုအပ်ပါသည်

အစိုးရအနေဖြင့် အမှန်တကယ်ပင် လက်ခံနိုင်မည့် စီးပွားရေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာ အခြေခံစည်းကမ်းချက်များကို ရင်းနှီးမြှုပ်နှံသူများ ရှင်းလင်းစွာ သိနိုင်ရန် အချိန်ကြာညောင်းလွန်းတတ်သည်။ သဘောတူညီမှုအားလုံးအတွက် အစိုးရအဖွဲ့၏ ခွင့်ပြုချက် လိုအပ်ပြီး တစ်ခါတရံတွင် အထက်၏ ခွင့်ပြုချက်ကိုပါ လိုအပ်တတ်သည်။ ကာလအတော်ကြာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီမံကိန်းက ဖွံ့ဖြိုးတိုးတက်မှု ရှိမရှိကို သေချာမသိကြပါ။ ဤလုပ်ငန်းစဉ်ကိုသာ ပိုမိုကောင်းမွန်စေရန် ပြုပြင်နိုင်ပါက မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးအသိုင်းအဝိုင်းကြားတွင် နာမည်ကောင်း အများကြီး ရရှိပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအကြားတွင် အဆင့်ဆင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နေမည့်အစား (ရာထူးတစ်ဆင့်မှ တစ်ဆင့်ထံ သွားရန် ၆ လနှင့် အထက် ကြာမြင့်တတ်သည်။) အစိုးရအနေဖြင့် ပထမဆုံး တန်ဖိုးပမာဏတစ်ရပ်နှင့် အခြားအဓိကကျသော စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်၍ ကုမ္ပဏီတစ်ခု သို့မဟုတ် အများအပြားကို ကမ်းလှမ်းကြည့်ပါ။ ပထမဆုံးအနေဖြင့် မိမိကမ်းလှမ်းသည့် စည်းကမ်းချက်များသည် စီးပွားရေးအရနှင့် ဥပဒေအရ ဆီလျော်မှုရှိမရှိ သိရှိထားရန် လိုအပ်ပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များနှင့် ဆွေးနွေးရန် လိုအပ်ပါသည်။ ဤနတိုင်းအနေဖြင့် အတိုင်ပင်ခံပုဂ္ဂိုလ်တွေနှင့် လက်တွဲလုပ်သည့် ထုံးစံမရှိကြသေးပါ။ ကျွန်ုပ်၏ အတွေ့အကြုံအရဆိုသော် ပါဝင်ပတ်သက်သူများနှင့်သာ သက်ဆိုင်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အလျင်အမြန် ချမှတ်နိုင်ရန် မိမိ၏ အကြံပေးပုဂ္ဂိုလ်များကို အသုံးပြုမည်ဆိုပါက ကြီးမားသော အပြောင်းအလဲများ ဖြစ်ပေါ်လာပါလိမ့်မည်။

အဓိကကျသော စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များအပေါ် သဘောတူညီမှုရသည်နှင့် တစ်ပြိုင်နက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ဥပဒေအရ စည်းနှောင်မှုရှိသော ကတိကဝတ်ပြုမှုမျိုးကို တတ်နိုင်သမျှ အလျင်အမြန် ချုပ်ဆိုသင့်ပါသည်။ သေချာပြီးသား သဘောတူညီမှုအခိုက်အတန့်ကို ဆိုင်းငံ့ထားခြင်းသည် အကျိုးမရှိနိုင်ပါ။


အင်းဝတံတား၊ စစ်ကိုင်းမြို့

## ဆက်သွယ်ရန်


ရန်ကုန်ရုံး
အမှတ် ၀၁-၀၅၊ ဂျန်းရှင်းစီးတီး ရုံးခန်းတာဝါ
၁၇လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်
ပန်းဘဲတန်းမြို့နယ်။

တယ်လီဖုန်း +၉၅၁ ၉၂၅၃ ၇၅၂ ~ ၇၅၆
ဖက်စ် +၉၅၁ ၉၂၅၃၇၅၈

နေပြည်တော်ရုံး
နီလာ ၂၊ စီးပွားရေးစင်တာ၊ ပါခ်ရွိုင်ရယ် ဟိုတယ် နေပြည်တော်
ကျောက်စိမ်းဇီလာ နံပါတ် ၁၃/၁၄ ဟိုတယ်ဇုန်
ဒက္ခိဏသီရိ မြို့နယ်။

တယ်လီဖုန်း +၉၅ ၆၇၈ ၁၀၆၀၈၉
ဖက်စ် +၉၅ ၆၇၈ ၁၀၈၀၉၂